
# ကိုဗစ် - ၁၉ အလွန် အစိမ်းရောင်စီးပွားရေးသို့ အသွင်ကူးပြောင်းခြင်း

Toolkit for Parliamentarians

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

APHR

Hanns Seidel Foundation



# "ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း" အခွင့်အလမ်း

ကိုဗစ် - ၁၉ ကပ်ရောဂါ နောက်ဆက်တွဲ စီးပွားရေး ပြိုလဲမှုဟာ ကမ္ဘာ့လက်ရှိစီးပွားရေးစနစ်ရဲ့ ကျဆုံးမှုနဲ့ ကျိုးပျက်လွယ်မှုကို ဖော်ပြနေပါတယ်။ လက်ရှိစီးပွားရေးစနစ်ဟာ လူသားနဲ့ သဘာဝပတ်ဝန်းကျင် အကျိုးထက် စီးပွားရေး အကျိုးအမြတ်ကိုသာ ဦးစားပေးပြီး၊ တန်းတူညီမှုမရှိခြင်းကို ပိုမိုနက်ရှိုင်းစေကာ အားနည်းသူတွေကို အကာအကွယ်ပေးဖို့ ပျက်ကွက်နေပါတယ်။

နိုင်ငံတွေဟာ ကပ်ဘေးနောက်ဆက်တွဲ စီးပွားရေးပြိုလဲမှုကနေ နာလန်ထူဖို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ချမှတ်ပြီး စီးပွားရေးလုပ်ငန်း မြှင့်တင်လာကြပါတယ်။ ဒီပြန်လည်ထူထောင်ရေး လုပ်ငန်းတွေက ပံ့ပိုးနေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ပြည်သူတွေရဲ့ အနာဂတ်အပေါ် သက်ရောက်မှုရှိတာကြောင့် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် လက်ရှိအချိန်ဟာ အရင် နည်းလမ်းတွေကနေ ခွဲထွက်ပြီး ပိုမိုတရားမျှတတဲ့၊ ရေရှည်တည်တံ့တဲ့၊ ခံနိုင်ရည်စွမ်းရှိတဲ့ စီးပွားရေးစနစ်ကို ခြေလှမ်းဖို့ အကောင်းဆုံး အခွင့်အရေး ဖြစ်ပါတယ်။

အစိမ်းရောင်စီးပွားရေးကို ကူးပြောင်းတာဟာ **"ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်း"** ရဲ့ မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

**အစိမ်းရောင် ပြန်လည်ထူထောင်ရေး** ဆိုတာ စီးပွားရေး ပြန်လည်ထူထောင်မှုကို အရှိန်မြှင့်ဖို့ လုပ်ငန်းတွေ ချမှတ်တာဖြစ်ပြီး တစ်ချိန်ထဲမှာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျော့ချတာနဲ့ ကမ္ဘာကြီးပူနွေးမှု လျော့နည်းအောင် ဆောင်ရွက်တာလဲ ပါဝင်ပါတယ်။

လုပ်ငန်းတွေထဲမှာ လောင်စာဆီ၊ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့လို တွင်းထွက်လောင်စာအပေါ် အမှီအခိုပြုရာကနေ နေရောင်ခြည်စွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ လေအားစွမ်းအင်၊ ရေအားစွမ်းအင်လို သန့်ရှင်းပြီး ပြန်ပြည့်မြဲစွမ်းအင်အပေါ် အမှီအခိုပြုတဲ့ ကုန်ထုတ်လုပ်ငန်းတွေကို အသွင်ကူပြောင်းတာ အဓိက ပါဝင်ပါတယ်။

# အစိမ်းရောင် ပြန်လည်ထူထောင်ရေး၏ အကျိုးကျေးဇူးများ

## ☑ ကမ္ဘာကြီးပူနွေးလာမှုကို လျော့နည်းစေခြင်း

အရှေ့တောင်အာရှဟာ ကမ္ဘာပေါ်မှာ ရာသီဥတုဒဏ် ထိခိုက်လွယ်ဆုံး ဒေသတွေထဲမှာ ပါဝင်နေပြီး ရာသီဥတုဒဏ်ကြောင့် အစားအစာ၊ ရေနဲ့ အခြားသဘာဝ အရင်းအမြစ်တွေအပေါ် ခြိမ်းခြောက်မှုရှိနေကာ ပဋိပက္ခ၊ ဆင်းရဲမွဲတေမှုနဲ့ ကပ်ရောဂါတွေ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်ပါတယ်။

အာဆီယံ ပြန်လည်ထူထောင်ရေး မူဘောင်မှာ "ရာသီဥတုပြောင်းလဲမှုသည် အာဆီယံအတွက် အခြေခံကျသော ဘေးအန္တရာယ်တစ်ခုဖြစ်သည်" ၊ "ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို လျော့ချရန် ချက်ချင်းဆောင်ရွက်သင့်သည်" ဆိုပြီး ဖော်ပြထားပါတယ်။

ပါရီသဘောတူညီချက် အတိုင်း ကမ္ဘာကြီးပူနွေးလာမှုနှုန်းကို ၁.၅ °C အောက်လျော့ချဖို့ အချိန်မရှိတော့တဲ့အတွက် အစိမ်းရောင် ပြန်လည်ထူထောင်ရေး မူဝါဒ အရေးတကြီး ချမှတ်လုပ်ဆောင်သွားဖို့ မရှိမဖြစ်လိုအပ်နေပါတယ်။

## ပိုမြန်၊ ပိုခံနိုင်စွမ်းရှိသော စီးပွားရေးတည်ဆောက်ခြင်း

- ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ၂ °C အောက် ထိန်းထားရင် အာဆီယံဟာ ယခုရာစုနှစ်အကုန်မှာ GDP ၂၅% ထိကျဆင်းမှုကို ရှောင်ရှားနိုင်တယ်လို့ ပညာရှင်တွေကခန့်မှန်းထားကြပါတယ်။
- ကိုဗစ် - ၁၉ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကို ရာသီဥတုဘေး လျော့ချဖို့အတွက် သုံးမယ်ဆိုရင် တိုင်ဖွန်းမုန်တိုင်း၊ ကပ်ရောဂါ၊ ရေကြီးရေလျှံမှု စတာတွေကို ဖြေရှင်းဖို့ ယူရတဲ့ ချေးငွေကြောင့် ဖြစ်ပေါ်လာမယ့် ရေရှည်လည်ပတ်ဖို့ ခက်တဲ့အဆင့်ထိ ကြွေးမြီပမာဏ မြင့်တက်တာကို ကြိုတင်ကာကွယ်နိုင်ပါတယ်။
- အရှေ့တောင်အာရှနိုင်ငံတွေဟာ ရာသီဥတုနဲ့ လိုက်လျောညီထွေတဲ့ အဓိကလုပ်ငန်းတွေမှာ အမေရိကန်ဒေါ်လာ (၁၇၂) ဘီလီယံ ရင်းနှီးမယ်ဆိုရင် ၂၀၃၀ ခုနှစ်မှာ ဒီလုပ်ငန်းတွေကနေ အလုပ်အကိုင်သန်း (၃၀) ဖန်တီးပေးနိုင်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် က ခန့်မှန်းထားပါတယ်။

## အစိမ်းရောင်ပြန်လည်ထူထောင်ရေး မြှင့်တင်ရေး လုပ်ငန်းများ

**သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းတဲ့ ထုတ်ကုန်တွေအတွက် ထောက်ပံ့ငွေပေးတာနဲ့ အခွန်လျော့တာ -** အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ပြန်ပြည့်မြဲစွမ်းအင် အစီအစဉ်ရှိတဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို အစိုးရက အခွန်လျော့ပေးခဲ့ပါတယ်။.

**သဘာဝပတ်ဝန်းကျင် ထိခိုက်စေတဲ့ ထုတ်ကုန်တွေကို အခွန်တိုးကောက်တာ -** ဥပမာ စင်ကာပူနိုင်ငံဟာ လျှပ်စစ်စက်ဘီး အသုံးပြုမှုကို အားပေးတဲ့အနေနဲ့ ဓတ်ဆီတစ်ဂါလံကို ၁၅% အခွန်တိုးကောက်မယ့် အစီအစဉ်ရှိပါတယ်။

**သန့်ရှင်းစွမ်းအင် အဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံတာ -** အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေမှာ အိမ်ခေါင်မိုးဆိုလာပြား၊ LED လမ်းမီးနဲ့ဓတ်အားပေးလိုင်း တပ်ဆင်တာတွေလုပ်ခြင်းအားဖြင့် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်ခဲ့ပါတယ်။

**အစိမ်းရောင် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံတာ -** ဥပမာ ဖိလစ်ပိုင်နိုင်ငံမှာ လမ်းဘေးလူသွားလမ်းတွေ၊ သီးသန့် စက်ဘီးသွားလမ်းတွေ ဆောက်လုပ်ဖို့ အသုံးစရိတ် ချပေးခဲ့ပါတယ်။.

**လျှပ်စစ်စွမ်းအင်သုံးယဉ်တွေ အသုံးပြုဖို့ ဆွဲဆောင်တာ -** ဥပမာ စင်ကာပူနိုင်ငံမှာ ကပ်ဘေးကာလအတွင်း လျှပ်စစ်စွမ်းအင်သုံးယဉ် ပိုင်ရှင်တွေကို လိုင်စင်ကြေးနဲ့ လမ်းခွန်တစ်ချို့ ပြန်ပေးခဲ့ပါတယ်။.

**သန့်ရှင်းစွမ်းအင်နဲ့ စွမ်းအင်ချွေတာရေး လျှပ်စစ်ပစ္စည်းထုတ်ကုန်တွေ အသုံးပြုဖို့ ဆွဲဆောင်တာ -** စင်ကာပူနိုင်ငံမှာ ရာသီဥတု ထိခိုက်မှုနည်းတဲ့ ရေခဲသေတ္တာ၊ ရေချွေတာရေး ရေချိုးခန်းသုံးပစ္စည်းတွေနဲ့ LED မီးလိုမျိုး စွမ်းအင်နဲ့ရေ ချွေတာရေး ထုတ်ကုန် ဝယ်ယူသုံးစွဲဖို့ အိမ်ထောင်စုအလိုက် ဘောက်ချာတွေ ထုတ်ပေးပါတယ်။.

**အဆောက်အဦး အဆင့်မြှင့်တင်တာနဲ့ အစိမ်းရောင်အိမ်ယာသစ် ပံ့ပိုးတာ** - ဥပမာ စင်ကာပူနိုင်ငံဟာ ၂၀၃၀ ခုနှစ်မှာ နိုင်ငံအတွင်း အဆောက်အဦးအားလုံးရဲ့ ၈၀% ကို အစိမ်းရောင်အဆင့်သတ်မှတ်နိုင်ဖို့ ရှိပြီးသားအဆောက်အဦးနဲ့ အဆောက်အဦး အသစ်တွေရဲ့အနိမ့်ဆုံး စွမ်းအင်စွမ်းဆောင်ရည်အဆင့်ကို တိုးမြှင့်သတ်မှတ်ဖို့ စီစဉ်နေပါတယ်။

**သန့်ရှင်းစီမံကိန်း သုတေသနလုပ်ငန်းနဲ့ ရေးဆွဲအကောင်အထည်ရေး လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံတာ** - ထိုင်းနိုင်ငံဟာ လျှပ်စစ်စွမ်းအင်သုံးယဉ် ကုန်ထုတ်မှုပံ့ပိုးရေးကွင်းဆက်၊ သုတေသနလုပ်ငန်းနဲ့ ထုတ်လုပ်ရေး စီမံကိန်းတွေအတွက် အမေရိကန်ဒေါ်လာ (၁) ဘီလီယံ အတည်ပြုပေးခဲ့ပါတယ်။

**သဘာဝအဆောက်အအုံနဲ့ အစိမ်းရောင်နယ်မြေတွေမှာ ရင်းနှီးမြှုပ်နှံတာ** - စင်ကာပူနိုင်ငံဟာ နိုင်ငံအတွင်းက သဘာဝ ရှုခင်းတွေကိုပိုကောင်းအောင်လုပ်ဖို့ လိုအပ်တဲ့ အရင်းအမြစ် ခွဲဝေသတ်မှတ်ထားပါတယ်။

**စိမ်းလန်းစိုပြေရေး လုပ်ငန်းတွေမှာ အလုပ်သမား ဆက်လက်ထိန်းသိမ်းတာနဲ့ အလုပ်အကိုင်သစ်ဖန်တီးတာ** - အရှေ့တောင်အာရှနိုင်ငံ ဥပမာမရှိပါ။ သို့သော် ပါကစ္စတန်နိုင်ငံမှာ သဘာဝအခြေပြု သစ်ပင်စိုက်တာ၊ သဘာဝသစ်တော ကာကွယ်ရေး တိုးမြှင့်တာ၊ ရေညစ်ညမ်းမှုလျော့ချတာ စတာတွေ ကနေတစ်ဆင့် အလုပ်လက်မဲ့ လူငယ်၊ အမျိုးသမီးနဲ့ နေ့စားအလုပ်သမားတွေ ဝင်ငွေရအောင် အစိမ်းရောင်နှိုးဆော်မှု အစီအစဉ်ကို ချမှတ်ခဲ့ပါတယ်။

**ညစ်ညမ်းမှုဖြစ်စေတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အစိုးရထောက်ပံ့ငွေကို အစိမ်းရောင်ကတိကဝတ်တွေနဲ့ ချုပ်နှောင်တာ** - အရှေ့တောင်အာရှနိုင်ငံ ဥပမာမရှိပါ။ သို့သော် ပြင်သစ်နိုင်ငံမှာ ပြင်သစ်လေကြောင်းလိုင်း အတွက် အစိုးရရဲ့ ထောက်ပံ့ရေး အစီအစဉ်မှာ ၂၀၃၀ ခုနှစ်အထိ ကာလအတွက် ခရီးသည်တစ်ဦးရဲ့ (၁) ကီလိုမီတာ ခရီးစဉ်အတွက် ကာဗွန်ထုတ်လွှတ်မှုနှုန်း ထက်ဝက်လျော့ချဖို့ သတ်မှတ်ချက် ထည့်သွင်းထားပြီး ပြည်တွင်း ထုတ်လွှတ်မှုနှုန်းကိုလည်း ထက်ဝက်လျော့ဖို့ ၂၀၂၄ ခုနှစ်အထိ အချိန်ကာလ သတ်မှတ်ထားပါတယ်။

## ကမ္ဘာကြီးပူနွေးလာမှုကို ပံ့ပိုးတဲ့ အောက်ပါလုပ်ငန်းတွေကို ရှောင်ရှားပါ။

**ညစ်ညမ်းမှုဖြစ်စေတဲ့ စီးပွားရေးလုပ်ငန်းတွေကို အစိမ်းရောင်နှောင်ကြိုး မပါပဲဖြစ်စေ ရာသီဥတုနဲ့ လိုက်လျောညီထွေတဲ့ အစီအစဉ်တွေ ချမှတ်ဖို့ သတ်မှတ်ချက် မပါပဲဖြစ်စေ ထောက်ပံ့မှုပေးတာ** - အင်ဒိုနီးရှားနိုင်ငံဟာ PT Pertamina (ရေနံနှင့် သဘာဝဓာတ်ငွေ့) ၊ Garuda Indonesia (လေကြောင်းလိုင်း) နဲ့ PNL (လျှပ်စစ်) ကုမ္ပဏီတွေအတွက် အစိုးရမတည်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၆.၂၉) ဘီလီယံကျော်ကို နှောင်ကြိုးမပါ ချွင်းချက်မဲ့ ပေးအပ်ခဲ့ပါတယ်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်စေတဲ့ ကုန်ထုတ်လုပ်ငန်းတွေကို ထောက်ပံ့ငွေပေးတာ ဒါမှမဟုတ် အကောက်အခွန် လျှော့ပေးတာ** - အင်ဒိုနီးရှားနိုင်ငံဟာ လေဆိပ် (၉) ခုက လေကြောင်းလိုင်းတွေကို လေယဉ်ဆိုက်ရောင်းရာမှာ အမေရိကန် ဒေါ်လာ (၂) သန်းနဲ့ တန်ဖိုးနဲ့ညီတဲ့ လျှော့ဈေး ပေးခဲ့ပါတယ်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်စေတဲ့ ထုတ်ကုန်တွေအတွက် ထောက်ပံ့ငွေပေးတာနဲ့ အခွန်လျှော့ပေးတာ** - အင်ဒိုနီးရှားနိုင်ငံဟာ တွင်းထွက်လောင်စာဆီနဲ့ စက်မှုလုပ်ငန်းထုတ်ဓာတ်ငွေ့သုံးပြီး ထုတ်လုပ်တဲ့ လျှပ်စစ်ရဲ့ ပြည်တွင်း ရောင်းဈေးကို လျှော့ချခဲ့ပါတယ်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းတွေကို ပယ်ဖျက်တာ** - ဖိလစ်ပိုင်နိုင်ငံဟာ အစိုးရအမိန့်ကြေညာစာအမှတ် (၁၃၀) ထုတ်ပြန်ပြီး သတ္တုတူးဖော်ရေးလုပ်ငန်း အသစ်တွေ ပိတ်ပင်ထားတာကို ပယ်ဖျက်ခဲ့ပါတယ်။

# လွှတ်တော်အမတ်တွေ ဘာလုပ်နိုင်ပါသလဲ။

- APHR ရဲ့ “ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်း” အရှေ့တောင်အာရှရဲ့ ကိုဗစ် – ၁၉ အလွန် အစိမ်းရောင် ပြန်လည်ထူထောင်ရေး အစီရင်ခံစာ ကိုသုံးပြီး အထက် ဖော်ပြပါ အစိမ်းရောင် ပြန်လည်ထူထောင်ရေး မူဝါဒတွေ ချမှတ်ဖို့ တိုက်တွန်းနှိုးဆော်ပါ။

- ပါရီသဘောတူညီချက်ဆီကို မြင့်မားသော NCD စံနှုန်းများ တင်သွင်းအောင် ကိုယ့်အစိုးရကို ဆော်ဩပါ။

- ပြန်ပြည့်မြဲစွမ်းအင်၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်ချွေတာရေး၊ လျှပ်စစ်စွမ်းအင်သုံးယဉ်များနှင့် အခြား အဓိကကျသော ကာဗွန်ထုတ်လွှတ်မှုနည်းသည့် စီးပွားရေးစနစ်အတွက် ဘဏ္ဍာငွေ ဦးစားပေးချမှတ်ပါ။

- ရေကြီးရေလျှံမှုလို ရာသီဥတုဘေးကြောင့် ထိခိုက်နိုင်မှုကို ရှောင်ရှားနိုင်ဖို့ သဘာဝ အဆောက်အအုံတွေနဲ့ စိမ်းလန်း နယ်မြေတွေ ဖန်တီးရေးမှာ ရင်းနှီးမြှုပ်နှံအောင် အားပေး တိုက်တွန်းပါ။

- ကျောက်မီးသွေးထုတ်လုပ်မှု ကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူ့အခွင့်အရေးအပေါ် ထိခိုက်မှုတွေနဲ့ အခြားသဘာဝ ပတ်ဝန်းကျင် ထိခိုက်စေတဲ့ မူဝါဒတွေအကြောင်း အများ ပြည်သူထံ တင်ပြပါ။

- လူတစ်ဦးစီတိုင်းရဲ့ လူ့အခွင့်အရေးကို အားပေးတဲ့ အစိမ်းရောင် ပြန်လည်ထူထောင်ရေး ဖြစ်စေဖို့ အဓိပ္ပါယ်ပြည့်ဝတဲ့ အများပြည်သူ ပါဝင်မှုရှိအောင် တိုက်တွန်းနှိုးဆော်ပါ။

- ကိုယ့်မဲဆန္ဒနယ် ပြည်သူတွေနဲ့ တွေ့ဆုံပြီး ရာသီဥတုနဲ့ပတ်သက်တဲ့ သူတို့ရဲ့ အရေးကြီး စိုးရိမ်ချက်တွေကို နားလည်အောင် လေ့လာပြီး အစိုးရထံ တင်ပြပါ။

- လွှတ်တော်ဆိုင်ရာကော်မတီတွေနဲ့ အပြန်အလှန်ဆွေးနွေးမှုတွေမှာ ရာသီဥတုဆိုင်ရာ ပြဿနာတွေနဲ့ အစိမ်းရောင် စီးပွားရေးစနစ်ရဲ့ အကျိုးကျေးဇူးတွေအကြောင်းပုံမှန် ဆွေးနွေးမှုဖြစ်အောင် ဆောင်ရွက်ပါ။

တစ်နိုင်ငံချင်းစီအလိုက် ဥပမာတွေကို ဒီနေရာမှာနှိပ်ပြီး ကြည့်နိုင်ပါတယ် – အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အရှေ့တီမော

## ထပ်မံသိရှိလိုပါက -

- “ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်း” – အရှေ့တောင်အာရှရဲ့ ကိုဗစ် – ၁၉ အလွန် အစိမ်းရောင် စီးပွားရေးသို့ အသွင်ကူးပြောင်းမှု
- ကိုဗစ် – ၁၉ စီးပွားရေးကဏ္ဍ တုန့်ပြန်ဆောင်ရွက်ချက်များ – အာဆီယံ လွှတ်တော်အမတ်များ၏ ကြေညာစာတမ်း
- ဆက်သွယ်ရန် – info@aseanmp.org



APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS
SEPTEMBER 2021

Hanns Seidel Foundation